**UNOCHA မှ ဆောင်ရွက်နေသော AHCT (Area of Humanitarian Country Team) လုပ်ငန်းစဉ်ကိစ္စရပ်နှင့် ပတ်သက်၍ CSOs Nexus Consortium - Tanintharyi ၏ သဘောထားထုတ်ပြန်ချက်**

နေ့စွဲ - ၁၅ ရက်၊ အောက်တိုဘာလ၊ ၂၀၂၃ ခုနှစ်

UNOCHA မှ ဆောင်ရွက်နေသော AHCT (Area of Humanitarian Country Team) အခင်းအကျင်း စတင်နိုင်ရေးအတွက် မြန်မာနိုင်ငံတောင်ပိုင်းမှ အရပ်ဖက်လူထုအဖွဲ့အစည်းများ ပါဝင်ဆွေးနွေးနိုင်ရန် တိုင်းကိုယ်စားပြုကိုယ်စားလှယ်အတွက် AHCT အတွင်းရေးမှူး ရုံးအဖွဲ့၊ မြန်မာနိုင်ငံတောင်ပိုင်းမှ ဖိတ်ခေါ်မှုကို လက်ခံရရှိခဲ့ပါသည်။ ဖိတ်ခေါ်မှုကို လက်ခံရရှိပြီးနောက် တနင်္သာရီဒေသအတွင်း အရပ်ဖက်လူထုအဖွဲ့အစည်းများက အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ပြီး AHCT အခင်းအကျင်းတွင် တနင်္သာရီဒေသ အရပ်ဖက်လူထုအဖွဲ့အစည်းများ ကိုယ်စားလှယ် အဖြစ်ပါဝင်မည် မဟုတ်ကြောင်းကို အောက်တိုဘာလ (၅) ရက်တွင် AHCT အတွင်းရေးမှူး၊ ရုံးအဖွဲ့သို့ သဘောထား ပေးပို့ခဲ့သည်။

CNC-Tanintharyi တွင် ပါဝင်သော အရပ်ဖက်လူထုအဖွဲ့အစည်းများသည် UNOCHA မှ ဆောင်ရွက်နေသော AHCT အခင်းအကျင်းတွင် ကိုယ်စားလှယ်အဖြစ် ပါဝင်သင့်/ မသင့်ကို အကျေအလည်တွေ့ဆုံ ဆွေးနွေးပြီးနောက် အောက်ဖော်ပြပါ အခြေအနေ၊ သုံးသပ်ချက်များအပေါ် အခြေခံ၍ ကိုယ်စားလှယ်အဖြစ် မပါဝင်နိုင်ကြောင်း ဆုံးဖြတ်ချက် ချခဲ့ပါသည်။

အာဏာသိမ်းရန်ကြိုးပမ်းနေသည့် အကြမ်းဖက်စစ်တပ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးရုံး (UNOCHA) အကြီးအကဲ Mr. Martin Griffiths တို့ ၂၀၂၃ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့တွင် နေပြည်တော်၌ လူသားချင်းစာနာမှု အကူအညီပေးရေး ကိစ္စများအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းဌာနများမှတဆင့် သိရှိရသည်။

လက်ရှိ မြန်မာနိုင်ငံတစ်ဝှမ်းလုံး ခံစားနေရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ တရားခံသည် အကြမ်းဖက်စစ်တပ် ဖြစ်ပြီး၊ ပြည်သူလူထု ကြုံတွေ့နေရသည့် အတိဒုက္ခများသည် မင်းအောင်လှိုင်ဦးဆောင်သော အကြမ်းဖက်စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုကြောင့် ဖြစ်သည်ဟု ကျွန်ုပ်တို့ အပြည့်အဝ ယုံကြည်သည်။ ထိုသို့ လူ့အခွင့်အရေးချိုးဖောက်သည့် အကြမ်းဖက် စစ်တပ်နှင့် လူသားချင်းစာနာ

ထောက်ထားမှု လုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်ခြင်းအပေါ် လက်ခံနိုင်ခြင်း မရှိပါ။ UNOCHA ၏ အကြမ်းဖက်စစ်တပ်နှင့် တွေ့ဆုံဆွေးနွေးမှုသည် မြန်မာနိုင်ငံ၏ လူသားချင်းစာနာကူညီမှုဆိုင်ရာ အကြပ်အတည်းကို လျော့ပါးသက်သာစေမည့်အစား တနိုင်ငံလုံး အတိုင်းအတာဖြင့် စစ်ရာဇဝတ်မှု ကျူးလွန်နေသော အကြမ်းဖက်စစ်တပ်ကို အသိအမှတ်ပြုခြင်း၊ ထောက်ခံအားပေးခြင်း ဖြစ်သည့်အတွက် ပြည်သူလူထုအပေါ် ရက်စက်ကြမ်းကြုတ်မှုများ တိုးပွားလုပ်ဆောင် လာမည်ကို အလွန်အမင်း စိုးရိမ်သည်။ ထို့အပြင် သံတမန်ရေးရာအရ မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုမှုရရန် ကြိုးပမ်းနေသော အကြမ်းဖက် စစ်တပ်အတွက် အထောက်အပံ့ဖြစ်သည်ဟု ကျွန်ုပ်တို့ ရှုမြင်သည်။

တနင်္သာရီဒေသရှိ အရပ်ဖက်လူထုအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် စစ်အာဏာရှင် အပါအဝင် အာဏာရှင်စနစ် အဆုံးသတ်ပြီး အနာဂတ်ဖက်ဒရယ်နိုင်ငံထူထောင်ရေးအတွက် ဆက်လက်တိုက်ပွဲဝင် သွားမည်ဖြစ်သည်။ ယနေ့တော်လှန်ရေးကာလတွင် အကြမ်းဖက်စစ်တပ်အား ချည်းကပ်ပံ့ပိုးနေသော UNOCHA ၏ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများအား နည်းလမ်း တစ်ခုဖြင့်သာ အဖြေရှာခြင်းမဟုတ်ဘဲ လူထုယုံကြည်လက်ခံပြီး မြေပြင်တွင် အမှန်တကယ် ထိရောက်စွာ လုပ်ဆောင်လျက်ရှိသည့် ဒေသန္တရလူထုအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အခြားသော ရွေးချယ်နိုင်သည့် နည်းလမ်း အသွယ်သွယ်ဖြင့် ပံ့ပိုးကူညီမှုသာလျှင် UNOCHA ၏ လုပ်ငန်းစဉ်နှင့် တာဝန်အတိုင်း လူသားချင်းစာနာထောက်ထားမှု အကြပ်အတည်းကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်မည်ဟု ယုံကြည်သည်။ ထို့ကြောင့် တနင်္သာရီဒေသ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများ ဆောင်ရွက်နေသော အရပ်ဖက်လူထုအဖွဲ့အစည်းများ ဖြင့် ဖွဲ့စည်းထားသော CNC – Tanintharyi မှ UNOCHA က ဆောင်ရွက်နေသော လုပ်ငန်းစဉ် ကိစ္စရပ်များနှင့် ပတ်သက်၍ သဘောထားထုတ်ပြန်ပါသည်။

CNC – Tanintharyi

CSOs Nexus Consortium - Tanintharyi